မည်သည့်လူတစ်စုမဆို မဂ်ျလိစ်(ထိုင်ဝိုင်း)တစ်ခုတွင်
ထိုင်ကြပြီး၊ ထိုထိုင်ဝိုင်း၌ အလ္လာဟ်အရှင်မြတ်အား
ဇိကိရ်သတိရတသခြင်းလည်းမပြု၊ မိမိတို့၏
နဗီတမန်တော်မြတ်အပေါ် ဆွလာသ်ပို့သခြင်းလည်း
မပြုကြဘူးဆိုရင်၊ ထိုထိုင်ဝိုင်းသည် ၎င်းတို့အတွက်
ဆုံးရှုံးမှုကို ဖြစ်စေတဲ့အရာ ဖြစ်လိမ့်မယ်။ အကယ်၍
(အလ္လာဟ်အရှင်မြတ်က) အလိုရှိတော်မူလျှင် သူတို့ကို
အပြစ်ဒဏ်ပေးတော်မူမည်။ အကယ်၍ အလိုရှိတော်မူလျှင်လည်း
ခွင့်လွှတ်တော်မူမည်။
အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ တမန်တော်မြတ်
(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ "မည်သည့်လူတစ်စုမဆို
မဂ်ျလိစ်(ထိုင်ဝိုင်း)တစ်ခုတွင် ထိုင်ကြပြီး၊ ထိုထိုင်ဝိုင်း၌
အလ္လာဟ်အရှင်မြတ်အား ဇိကိရ်သတိရတသခြင်းလည်းမပြု၊ မိမိတို့၏
နဗီတမန်တော်မြတ်အပေါ် ဆွလာသ်ပို့သခြင်းလည်း မပြုကြဘူးဆိုရင်၊ ထိုထိုင်ဝိုင်းသည်
၎င်းတို့အတွက် ဆုံးရှုံးမှုကို ဖြစ်စေတဲ့အရာ ဖြစ်လိမ့်မယ်။ အကယ်၍
(အလ္လာဟ်အရှင်မြတ်က) အလိုရှိတော်မူလျှင် သူတို့ကို အပြစ်ဒဏ်ပေးတော်မူမည်။ အကယ်၍
အလိုရှိတော်မူလျှင်လည်း ခွင့်လွှတ်တော်မူမည်။"
[صحيح] [رواه أبو داود والترمذي والنسائي في الكبرى]
တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် အလ္လာဟ်အရှင်မြတ်အား
သတိရတသခြင်း(ဇိကရ်)မှ မေ့လျော့ခြင်းနှင့်ပတ်သက် ၍ သတိပေးတား မြစ်ထားတော်မူသည်။
မည်သည့်လူတစ်စုမဆို မဂ်ျလိစ်(ထိုင်ဝိုင်း)တစ်ခုတွင် ထိုင်ကြပြီး၊ ထိုထိုင်ဝိုင်း၌
အလ္လာဟ်အရှင်မြတ်အား ဇိကိရ်သတိရတသခြင်းလည်းမပြု၊ မိမိတို့၏ နဗီတမန်တော်မြတ်အပေါ်
ဆွလာသ်ပို့သခြင်းလည်း မပြုကြဘူးဆိုရင်၊ ထိုထိုင်ဝိုင်းသည် ကိယာမသ်နေ့တွင်
၎င်းတို့အတွက် အရှက်တကွဲအကျိုးနည်းဖြစ်ခြင်း၊ နောင်တရခြင်း၊ ဆုံးရှုံးခြင်းနှင့်
ထိခိုက်နစ်နာခြင်း၏ အကြောင်း ခံ ဖြစ်လိမ့်မည်။ အကယ်၍ အလ္လာဟ်အရှင်မြတ်
အလိုရှိတော်မူလျှင် ၎င်းတို့၏ ယခင်က ပြုလုပ်ခဲ့သော အပြစ်များနှင့် နောက်ပိုင်းတွင်
ဖြစ်ပေါ်ခဲ့သော လစ်ဟင်းချက်များကြောင့် ၎င်းတို့အား အပြစ်ပေးတော်မူမည်။ အကယ်၍
အလိုရှိတော်မူလျှင် ၎င်းတို့အား မိမိ၏ကျေးဇူးတော်နှင့် ကရုဏာတော်အရ
ခွင့်လွှတ်တော်မူမည်။
https://sunnah.global/hadeeth/my/show/5511


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee